မာတိကာ

နိဒါန်း
- ဗိမ်ခံကားထဲမှ ဆွေးနွေးပွဲ
- ဘုရားသခင်ကိုယ်တော်တိုင် မပေးနိုင်သည့် အဖြေ
- ဥမင်လှိုဏ်ခေါင်း၏ အခြားတစ်ဖက်ရှိ အလင်းရောင်
- ဆွံ့အနားမကြားသည့် ဒုက္ခိတ သမ္မတတစ်ဦး
- ဟမ်းထရက်လမ်းကြောင်းကို လိုက်ကြ
- လက်တင်အမေရိကဈေးဆစ်ပွဲ
- သံတမန်ရေးရာ မြို့ခိုတိုက်ပွဲ
အခန်း(၁) ကမ္ဘာသစ်တစ်ခု ဖန်တီးခြင်း
- ယဲ့လ်ဆင်၏ မာရသွန်
- အကျိုးတော်ဆောင် မာဂရက်သက်ချာ
- ပယ်ရီစုသျှိုင်ကာ ဓာတ်ခွဲခန်းမှ အမျိုးသားရေးပြဿနာများ
အခန်း(၂) ဘာလင်တံတိုင်းပေါ်တွင် ကခုန်ခြင်း
အခန်း(၃) ယော်လ်တာရီဟာဇယ်
အခန်း(၄)ယော်လ်တာရေပြင်ပေါ်မှ ဥရောပကံကြမ္မာ
- ယော်လ်တာလွန်သော်
အခန်း(၅) လွတ်လပ်သော မိုးကောင်းကင်သစ်
အခန်း(၆) မုန်တိုင်းဆင်လာသော ဘောလ်တစ်ပင်လယ်ပြင်
အခန်း(၇) ဆန်ဖရန်စစ္စကိုတွင် ထားခဲ့သော နှလုံးသားများ
အခန်း(၈) ဂျာမနီပေါင်းစည်းရေး အပေးအယူ
အခန်း(၉) ကန္တာရမိုင်းဆင်ချိန်
အခန်း(၁၀)ဟယ်လ်စင်ကီထိပ်သီးဆွေးနွေးပွဲတွင်
အခန်း(၁၁)အီရတ်အတွက် သမိုင်းဝင်ဆုံးဖြတ်ချက်
အခန်း(၁၂) ကရင်မလင်လမ်းခွဲတွင်
အခန်း(၁၃) မုန်တိုင်းထန်လာသော ဘောလ်တစ်ပင်လယ်ပြင်
အခန်း(၁၄) ကန္တာရ မုန်တိုင်းထန်ချိန်
အခန်း(၁၅) ပြည်သူ့ရင်ပြင်ပေါ်မှ ယဲ့လ်ဆင်
အခန်း(၁၆) မော်စကိုထိပ်သီးတို့၏ နောက်ဆုံးခရီး
အခန်း(၁၇) ကမ္ဘာကိုကိုင်လှုပ်သော ထိုးသုံးရက်
- ကမ္ဘာကိုကိုင်လှုပ်သော ဒုတိယနေ့
- ကမ္ဘာကိုကိုင်လှုပ်သော တတိယနေ့
အခန်း(၁၈) စစ်အေးဒရာမာလိုက်ကာချချိန်
- နောက်ဆုံးထိပ်သီးဆွေးနွေးပွဲ
- ဒုတိယအကြိမ် အာဏာသိမ်းပွဲ
- နောက်ဆုံး အင်တာဗျူး
- နောက်ဆုံးသံမှိုတစ်ချောင်း
- နောက်ဆုံး နှုတ်ဆက်စကား

ဘာသာပြန်သူ၏ အမှာစကား

"အိမ်ဖြူတော် ကရင်မလင်ဝင်ရိုးတန်း၊ စစ်အေးခေတ် ဇာတ်သိမ်းခန်း " စာအုပ်မှာ မိုက်ကယ်ဘက်ချ်လော့စ်(Micheal Beschloss)နှင့် စထရုပ်တယ်လ်ဘော့ (Strobe Talbott) တို့ ပူးတွဲရေးသားပြုစုခဲ့သော "အမြင့်ဆုံး ထိပ်သီးများကြားဝယ်" (At The Highest Levels)စာအုပ်ကို ဘာသာပြန်ဆိုထားခြင်း ဖြစ်ပါသည်။ ဤစာအုပ်တွင် ဆိုဗီယက်သမ္မတဟောင်း ဂေါ်ဘားချက်(GOABERCHEV) အာဏာရလာချိန်(၁၉၈၅-၁၉၉၂)မှ ရာထူးက နုတ်ထွက်ချိန်အတွင်း အရှေ့ဥရောပ၏ အပြောင်းအလဲများကို အတွင်းကျကျ အသေးစိတ်လေ့လာတင်ပြထားပါသည်။ ယခုစာအုပ်ကို ပူးတွဲရေးသားခဲ့ကြသူနှစ်ဦးအနက် မိုက်ကယ်မှာ အပြောင်းအလဲများ ဖြစ်ပေါ်နေစဉ် ကာလများအတွင်းက မော်စကိုမြို့တော်ရှိ Time Bureau ၏ အကြီးအကဲဖြစ်ပြီး စထရုပ်တယ်လ်ဘော့မှာ မော်စကို CNN သတင်းဌာနကြီး၏ တာဝန်ခံဖြစ်၏။ ၎င်းတို့မှာ ကမ္ဘာ့အကြီးအကျယ်ဆုံး Media များမှ အတော်ဆုံးပုဂ္ဂိုလ်များ ဖြစ်ကြသကဲ့သို့ အရေးပါသော အဖြစ်အပျက်များကို ကိုယ်တိုင်မြင်တွေ့ ဖြတ်သန်းခဲ့ကြသူများဖြစ်ကြ၏။ ၎င်းတို့သည် ကရင်မလင်ရေးရာကျွမ်းကျင်သူများ ဖြစ်ကြသကဲ့သို့ အိမ်ဖြူတော်သို့လည်း ပေါက်ရောက်စွာ ဝင်ထွက်သွားလာနိုင်ကြသူများ ဖြစ်ကြ၏။ အရှေ့အနောက် ဥရောပတစ်ခွင်တွင် သတင်းကွန်ယက်ကို ကျယ်ပြန့်စွာ ချထားနိုင်ကြသူများလည်း ဖြစ်ကြ၏။ ထို့ကြောင့်ပင် အိမ်ဖြူတော်၊ ကရင်မလင် ထိပ်သီးများအကြား ကြိတ်ဝိုင်းညှိနှိုင်းမှုများ၊လျှို့ဝှက်ဆွေးနွေးပွဲများ၊တံခါးပိတ်အပေးအယူလုပ်မှုများအားလုံးကို အချက်အလက် အထောက်အထား မှတ်တမ်းမှတ်ရာများနှင့် တင်ပြနိုင်သူများဖြစ်ကြ၏။သို့တိုင် သူတို့သည် ၁၉၈၉ ခုနှစ်ဝန်းကျင်ရှိ အပြောင်းအလဲများနှင့်ပတ်သက်၍ နိုင်ငံရေးနိဂုံးချုပ်ချက် မထုတ်ခဲ့ကြ။ သမိုင်းရေးရာ

အကဲဖြတ်ခြင်းလည်း မလုပ်ခဲ့ကြပေ။ ဖြစ်ရပ်ကို ဖြစ်ရပ်အမှန်အတိုင်း အသေးစိတ်ကျစွာ တင်ပြပေးခဲ့ကြ၏။

မည်သို့ပင်ဖြစ်စေ "ဘာလင်တံတိုင်းပြိုကွဲမှု" ကို သင်္ကေတပြုထားသော ၁၉၈၉ ခုနှစ်ဝန်းကျင်မှ အပြောင်းအလဲများသည် နိုင်ငံရေးအရ အရေးကြီးသကဲ့သို့ သမိုင်းအရလည်း အရေးပါလှပေသည်။ ဘာလင်တံတိုင်းပြိုကွဲမှုသည် နိုင်ငံရေးစနစ်ပြုပြင်ပြောင်းလဲခြင်းလော၊ ၎င်း၏ သမိုင်းအဓိပ္ပါယ်ကို မည်သို့ဖွင့်ဆိုကြမည်နည်း၊ ဘာလင်တံတိုင်း ပြိုကွဲရခြင်းသည် တော်လှန်ရေးကြောင့်လော၊ ပြုပြင်ပြောင်းလဲရေးကြောင့်လော၊ သမ္မတ ရီဂင်ကြောင့်၊ ချက်သမ္မတဟာဗယ်ကြောင့်လော၊ ပိုလန်အလုပ်သမားခေါင်းဆောင် လိခ်ျဝါလက်ဆာကြောင့်လော၊ ဂေါ်ဘားချက်ကြောင့်လော၊ မည်သူသည် သူရဲကောင်း၊ မည်သူသည် သစ္စာဖောက်ပေနည်း စသည့် မေးခွန်းများနှင့်စပ်လျဉ်း၍ ပညာရှင်များအကြား များစွာဆွေးနွေး ငြင်းခုန်ခဲ့ကြရသည်။ သို့သော် ယနေ့ကဲ့သို့ ဘာလင်တံတိုင်းပြိုကွဲမှု အနှစ် ၂၀ ပြည့်မြောက်သော အခါသမယသို့ ရောက်လာသည့်အခါ တစ်စုံတစ်ရာ တည်ငြိမ်သွေးအေးကာ ရလဒ်အကျိုးဆက်များလည်း ပိုမိုရှင်းလင်းပီပြင်လာခဲ့ပြီ ဖြစ်ပါသည်။ နိဂုံးချုပ် သင်ခန်းစာထုတ်နိုင်စရာ အကြောင်းအချက်တို့ ပြည့်စုံလာခဲ့ပြီဟု ဆိုနိုင်ပါသည်။ သို့ဖြစ်၍ သမိုင်းဖြစ်ရပ်များကို ပြန်လည်လှည့်ကြည့် သုံးသပ်ပြီးသောအခါ . . . . .။

ဘာလင်တံတိုင်း သမိုင်းနိဂုံး

၁၉၈၆ ခုနှစ်ဆန်းပိုင်း၊ ဘာလင်တံတိုင်းမပြိုမီ လပိုင်းအလိုကပင် နိုင်ငံရေးသိပ္ပံပညာရှင် ဖူကူယားမား(F-Fukuyama) က "အရှေ့ဥရောပ အပြောင်းအလဲများသည် စစ်အေးခေတ် တစ်ခေတ်၏ ပြီးဆုံးမှုသက်သက်မျှသာမက သမိုင်း၏နိဂုံးချုပ်မှုလည်း ဖြစ်ပေသည်။ ဤသည်မှာ လူသား၏အယူဝါဒရေးရာ တိုက်ပွဲများ၏ သမိုင်းပြီးဆုံးခြင်း ဖြစ်သကဲ့သို့ လူ့အဖွဲ့အစည်း၏ အုပ်စိုးမှုသဏ္ဌာန်တစ်ရပ်ဖြစ်သော အနောက်တိုင်းလစ်ဘရယ်ဒီမိုကရေစီပုံစံက ယှဉ်တုဖက်ပြိုင်ခြင်းကင်းသည့် ကမ္ဘာလုံးဆိုင်ရာ အနံ့အပြား လက္ခဏာဆောင်လာခြင်းဖြစ်လည်း ဖြစ်တော့သည်ဟူ၍ ကောက်ချက်ဖွဲ့ ဟောကိန်းထုတ်ခဲ့၏။

အတိတ်ကရှိခဲ့ဖူးကြသော "နိဂုံးပုရောဟိတ်ကြီး"များ ကြုံခဲ့ကြရဖူးသလိုပင် ဖူကူယားမား၏ ဟောကိန်းများသည်လည်း မှားယွင်းသွားခဲ့ပြီဖြစ်ကြောင်း သမိုင်းက သက်သေပြခဲ့ပြီဖြစ်သည်။ အီရန်တွင် ခိုမေနီဝါဒ(khomaenism) လွှမ်းမိုးလာခဲ့ခြင်း၊ အစ္စလာမ်၏ ဂျိဟတ်လှုပ်ရှားမှုများ မြင့်မားအားကောင်းလာခြင်း၊ လက်တင်အမေရိကလက်ဝဲလမ်းကြောင်းများ ခေါင်းထောင်ထလာခြင်း၊ ရုရှားတွင် Autocracy စနစ်၏ အင်ပါယာစိတ်ကူးများ ပြန်လည်တိုးတက်ကြီးထွားလာခြင်း စသည့် မျက်မှောက်ကာလ၏ ဖြစ်ပေါ်တိုးပွားမှုအသစ်များအောက်တွင် ဖူကူယားမား၏ သမိုင်းနိဂုံးချုပ်မှု အယူအဆ ပြိုကျသွားခဲ့ရပြီဖြစ်၏။ လစ်ဘရယ်ဒီမိုကရေစီလမ်းကြောင်းမှာ လက်ရှိကမ္ဘာ့နိုင်ငံရေးရေစီးကြောင်း၏ အဓိကပင်မရေစီး မဟုတ်တော့ပါ။ ဥရောပသည်ပင် ယခင်ဥရောပဟောင်းနှင့် လုံးဝမတူတော့အောင် ပြောင်းလဲသွားခဲ့ပြီ ဖြစ်ပါသည်။

ဥရောပ၏ ပြီးခဲ့သည့်နှစ်ပေါင်း ၂၀၀၀ သမိုင်းသည် ကမ္ဘာကြီးအတွက် အကောင်းဆုံးလက်ဆောင်များ သယ်ယူပေးခဲ့ပြီးဖြစ်သကဲ့သို့ အဆိုးဝါးဆုံး အမွေများကိုလည်း ပေးအပ်ခဲ့ပြီးဖြစ်သည်။ ဂရိဒဿန၊ ရောမတရားဥပဒေစနစ်၊ ပြန်လည်ဆန်းသစ်ချိန်၊ သတင်းနည်းပညာခေတ်၊ လစ်ဘရယ်ဒီမိုကရေစီစနစ်စသည့် လူ့သမိုင်း၏ အကောင်းဆုံး အရည်အသွေးများကို ဥရောပမှ ဖန်တီးပေးခဲ့ခြင်း ဖြစ်၏။ အလားတူစွာ ပီလိုပိုနီးရှန်းတိုက်ပွဲမှ ကမ္ဘာစစ်ကြီးများအထိ ဥရောပတွင် ဖြစ်ပွားခဲ့သကဲ့သို့ အနုမြူလက်နက်ထုတ်လုပ်မှုမှ ကွန်မြူနစ်၊ ဖက်ဆစ်စနစ်များကိုလည်း ဥရောပမှပင် တီထွင်ဖန်တီးပေးခဲ့ခြင်းဖြစ်သည်။ မည်သို့ပင်ဖြစ်စေ ဤဥရောပ၏ နှစ် ၂၀၀၀ သမိုင်းဟောင်းမှာ ဘာလင်တံတိုင်းကြီးနှင့်အတူ ပြိုကျပျက်စီးခဲ့ရပြီ ဖြစ်သည်။

ဘာလင်တံတိုင်း ပြိုကျပြီး နှစ် ၂၀၀၀ သမိုင်း ဥဒ္ဒဟောင်းမှ တိုးထွက်လာခဲ့သော ဥရောပ၏ ဟန်ပန်၊ အသွင်အပြင်တို့အားလုံးမှာ သစ်လွင်လှပနေတော့၏။ ဥရောပသည် စစ်လိုလားသော Warfare State များအဖြစ်မှ ငြိမ်းချမ်းရေးလိုလားသော Warfare State များ၏ ဥရောပဖြစ်လာခဲ့ပြီ။ ဥရောပ၏ စီးပွားရေးပျက်ကပ်လွန်ကာလရှိ စိတ်ကူးမှာ ဆိုရှယ်လစ်ဒီမိုကရေစီဝါဒဘက်ဆီသို့ တိမ်းညွတ်လာခဲ့ပြီဖြစ်သည်။ ဥရောပတိုက်ကြီးကို နိုင်ငံပေါင်း ၃၀ နီးပါးဖြင့် ဖွဲ့စည်းထားသည့် ဥရောပသမဂ္ဂ(EU) အဖွဲ့ကြီးက စီမံခန့်ခွဲကြတော့မည် ဖြစ်၏။ တစ်နည်းဆိုလျှင် ဘာလင်တံတိုင်း ပြိုကွဲသွားသည့်တိုင် မာ့က်စ်၏စိတ်ကူးစံများက ပြိုကွဲပျက်စီးမသွားခဲ့ပေ။ ရှည်လျားကျွေ့ကောက်သောလမ်းကို အချိန်ယူဖြတ်သန်းခဲ့ကြရသည့်တိုင် မာ့က်စ်၏အိပ်မက်များမှာ တဖြည်းဖြည်းနှင့် ပုံပေါ်လာခဲ့ပြီဖြစ်သည်။ မာ့က်စ်မှားခဲ့သည်များကို ချပ်ကြည့်

လိုက်လျှင် အချိန်ကာလသတ်မှတ်ချက်အမှားသာ အဓိကဖြစ်ပေလိမ့်မည်။ မာ့က်စ်အနေဖြင့် အယူဝါဒရေးရာယုံကြည်မှုကို ဘဝနှင့်ရင်း၍ ပေးဆပ်ခဲ့ရသည့်တိုင် သမိုင်းကို အချိန်ပေးရကျိုးနပ်သည်ဟုပင် ဆိုရပေလိမ့်မည်။

ယခုအခါ ဘာလင်တံတိုင်းကြီးကို ရှန်ပိန်ပုလင်းများကိုင်၍ ပျော်ပျော်ရွှင်ရွှင်ကြီး ရိုက်ခွဲဖြိုလှဲနိုင်ခဲ့ကြသည်။ ဆိုဗီယက် အင်ပါယာကြီးသည် သေနတ်သံ မထွက်လိုက်ရဘဲ အင်ပါယာထဲမှာပင် အသက်ထွက်သွားခဲ့ခြင်းဖြစ်ပြီး၊ အသွေးအရောင်စုံလင်ထွေပြားလှသော ကတ္တီပါတော်လှန်ရေးများက ဥရောပတွင် ၂၀၀၀ သမိုင်းကို အောင်မြင်စွာ လိုက်ကာချပေးနိုင်ခဲ့သည်။ ဥရောပကုန်းမြေကြီးပေါ်မှ အစဉ်အလာ တော်လှန်ရေးနှင့် တန်ပြန်တော်လှန်ရေးတို့၏ တိုက်ပွဲများရပ်စဲသွားခဲ့ပြီး တော်လှန်ရေးနှင့် ပြန်လည်ပြင်ဆင်ရေးတို့၏ ပဋိပက္ခကိုလည်း ဥရောပတော်လှန်ပြုပြင်ပြောင်းလဲရေး (REFORLUTION=REVOLUTION+REFORM) နည်းဖြင့် အစားထိုးပေးခဲ့ပြီးဖြစ်သည်။ ဥရောပ တွင် ပဋိပက္ခနှင့်ကွဲပြားခြားနားမှုများ ရှိနေသေးသည့်တိုင် သမိုင်းကို ကျွမ်းလောင်ပစ်မည့် မီးတောက်မီးလျှံများတား ငြိမ်းသေသွားခဲ့ချေပြီ။ သို့ဖြင့် ဘာလင်တံတိုင်း ပြိုကွဲမှု၏ အုတ်ကျိုးအုတ်ပဲ့များမှာ ဥရောပ၏ သစ်လွင်လှပသော အပြောင်းအလဲများဆိုင်ရာ သမိုင်းသစ်မုခ်ဦးကြီး တည်ဆောက်ရာတွင် အခြေခံအုတ်မြစ်များဖြစ်လာခဲ့တော့သည်။

ဘရင်ဒင်ဘတ် ရင်ပြင်ပေါ်မှ ရီဂင်

ယေးလ်တက္ကသိုလ်မှ သမိုင်းပါမောက္ခ ဂျွန်လူးဝစ် (JOHN LEWIS) က "ဘာလင် တံတိုင်းပြိုကွဲမှုဟာ စစ်အေးခေတ်နိဂုံးရဲ့ အရေးပါဆုံး သင်္ကေတတစ်ရပ် ဖြစ်တယ်။ တစ်နည်းအားဖြင့် ရီဂင်-သက်ချာမ့ဝါဒရဲ့ အောင်ပွဲလို့လည်း ကောက်ချက်ချနိုင်ပါတယ်။ အထူးသဖြင့် သမ္မတရီဂင်ရဲ့ ခေါင်းဆောင်မှုအခန်းကိုတော့ သမိုင်းက အသိအမှတ်ပြုကြရပါလိမ့်မယ်ဟု မှတ်ချက်ချခဲ့ဖူးသည်။ ဘာလင်တံတိုင်းပြိုကွဲပြီးနောက် ရက်ပိုင်းအတွင်းမှာပင် ဝါရှင်တန်ပို့စ်သတင်းစာကြီး၏ အယ်ဒီတာ လိုကင်နွန် (LOU CANNON) က ရီဂင်ရေးသားထုတ်ဝေခဲ့သော "THE ROLE OF A LIFETIME" စာအုပ်နှင့်ပတ်သက်၍ တွေ့ဆုံမေးမြန်းခန်းတစ်ခု

ပြုလုပ်ခဲ့၏။ အဆိုပါ တွေ့ဆုံမေးမြန်းခန်း တွင် ကင်နွန်က "ဒီလိုဘာလင်တံတိုင်းကြီး ပြိုကွဲသွားလိမ့်မယ်လို့ မျှော်လင့်ချက်များ ရှိခဲ့ဖူးပါသလား"ဟုမေးခဲ့ရာ သမ္မတဟောင်း ရီဂင်က "တစ်နေ့နေ့မှာ ဒီလိုဖြစ်လာလိမ့်မယ်လို့ ယုံကြည်မျှော်လင့်ထားပါတယ်" ဟု ပြန်လည်ဖြေကြားခဲ့သည်။

အစဉ်အလာကြီးမားသော သမ္မတကြီးများအပေါ် သမိုင်းက တန်ဖိုးထားအသိအမှတ်ပြုမှုကို ၎င်းတို့၏ လက်ပတ်နာရီလက်တံများ လှုပ်ရှားလည်ပတ်နေစဉ်က ဖြစ်ပျက်ခဲ့သော သမိုင်းဝင်ဖြစ်ရပ်များကပင် တန်ဖိုးဖြတ်ပေးကြလေ့ရှိပါသည်။ လင်ကွန်းကို "ဂက်တစ္စဘတ် မိန့်ခွန်း" က တန်ဖိုးဖြတ်ပေးခဲ့ခြင်းဖြစ်၏။ ကနေဒီကို "ကျူးဘားအရေးအခင်း" က အဆုံးအဖြတ်ပေးခဲ့ခြင်း ဖြစ်၏။ အလားတူ ဂျော့ဘွတ်ရှ်ကိုလည်း "စက်တင်ဘာလ ၁၁ ရက်အရေးအခင်းက ပုံသွင်းထုဆစ်ပေးခဲ့ခြင်းဖြစ်သည်။ ထို့အတူ သမ္မတရီဂင်ကိုလည်း ဇွန်လ ၁၂ ရက်နေ့က ဂျာမနီနိုင်ငံ ဘရင်ဒင်ဘတ်မုခ်ဦး (BRANDEN BURG GATE)တွင် ပြောကြားခဲ့သော မိန့်ခွန်းက အကဲဖြတ်အသိအမှတ်ပြုခဲ့ခြင်းပင် ဖြစ်သည်။ ဘရင်ဒင်ဘတ်မုခ်ဦး မိန့်ခွန်းတွင် "ဒီတံတိုင်းကြီးကို ဖြိုဖျက်ပစ်လိုက်ကြစမ်းပါ"ဟူ၍ ကြွေးကြော်လှုံ့ဆော်လိုက်ရာ ဥရောပတိုက်ကြီး တစ်ခုလုံး ဟိန်းညံ လှုပ်ရှားသွားတော့သည်။

ဘရင်ဒင်ဘတ်မိန့်ခွန်းသည် သမ္မတရီဂင်ကို သမိုင်းမော်ကွန်းဝင်စေသော မိန့်ခွန်းဖြစ်၏။ သို့သော် ဤမိန့်ခွန်းကိုပြောပြီး နှစ်ဝက်ခန့်အကြာတွင် ရာထူးမှအနားယူခဲ့သော သမ္မတဟောင်းရီဂင်ကို မီဒီယာလောကနှင့်နိုင်ငံရေး အသိုင်းအဝိုင်းက ၂ နှစ်နီးပါးမျှ မေ့လျော့ထားခဲ့ကြသည်။ ၁၉၈၉ ခုနိုဝင်ဘာ ဘာလင်တံတိုင်းကြီး ပြိုကျသွားသည့်အခါတွင် ဤမိန့်ခွန်းမှာ သမိုင်းဝင်ဖြစ်ခဲ့ရပြီး ရီဂင်၏ "ခေါင်းဆောင်မှုရုပ်ပုံလွှာ"ဆိုင်ရာ သင်္ကေတတစ်ရပ် ဖြစ်လာရတော့သည်။ ထို့ကြောင့်လည်း အမေရိကန်အထက်လွှတ်တော်တည်ရှိရာ CAPITOLကုန်းမြင့်ရိပ်သာရှိ သမိုင်းဝင်ပုဂ္ဂိုလ်များ၏ ရုပ်တုများထားရှိရာ ခန်းမဆောင်ကြီးတွင် မကြာမီကပင်သမ္မတရီဂင်၏ ရုပ်တု ဖွင့်လှစ်ပွဲတစ်ရပ် ကျင်းပခဲ့သည်။ အဆိုပါရီဂင်ရုပ်တု တည်ထားရာအောက်ခြေ ပလ္လင်ခံပေါ်တွင် ထွင်းထုဖော်ပြထားသည်မှာ ဘာလင်တံတိုင်းပုံပင် ဖြစ်ပါသည်။

သစ္စာဖောက် (သို့) ပြုပြင်ရေးသမားတစ်ယောက်လား

မည်သို့ပင်ဆိုစေ ပရင်စတန်တက္ကသိုလ်မှ သမိုင်းရေးရာ ပြန်လည်သုံးသပ် ပြင် ဆင်ရေးပညာရှင် စတီဖင်ကော့တ်ကင် (STEPHEN KOTKIN)က UNCIVIC SOCIETY 1989 AND COMMUNIST IMPLOSION စာအုပ်တွင် ဘာလင်တံတိုင်းကြီး ပြိုကွဲမှု ၏ အဓိကဇာတ်လိုက်မှာ သမ္မတရီဂင် မဟုတ်ပါဟူ၍ ပြတ်သားစွာငြင်းဆန်ပယ်ချခဲ့ ပါသည်။အဆိုပါစာအုပ်တွင် ကော့တ်ကင်က "ဘာလင်တံတိုင်းပြိုကွဲမှုအပါအဝင် အရှေ့ ဥရောပမှ ၁၉၈၉ ခုနှစ် အပြောင်းအလဲများမှာ သမ္မတရီဂင်ကြောင့် မဟုတ်သလို အရှေ့ဥရောပရှိ အတိုက် အခံအင်အားစုများအားလုံး၏ လှုပ်ရှားမှုများကြောင့်လည်း မဟုတ်ပါ။ အမေရိကန် ခေါင်းဆောင်တွေ အရေးမပါလှသလို အနောက်ဥရောပနိုင်ငံရေးသမားတွေရဲ့ အခန်းကလည်း အရေးမကြီးလှပါဘူး။

တကယ်တော့ ၁၉၈၉ ခုနှစ် ဇာတ်လမ်းတွေကို အောက်ခြေကဖန်တီးနိုင်ခဲ့တာ မဟုတ်ပါဘူး။ အဆင့်မြင့်ထိပ်သီးတွေအချင်းချင်း လက်ဝါးရိုက်ဇာတ်တိုက် ဖန်တီး လိုက်ကြတဲ့ အရေးအခင်းသာဖြစ်ပါတယ်။ ဒီဇာတ်လမ်းရဲ့ အဓိကဗိသုကာနှင့် ဇာတ် ကောင်တွေက သမ္မတဂေါ်ဘားချက်ဗ်နှင့် သူ့ရဲ့ပြုပြင်ပြောင်းလဲရေး နောက်လိုက်တွေ သာ ဖြစ်ကြပါတယ်။ သူတို့ရဲ့ဦးတည်ချက်က ဆိုဗီယက်မှာတော်လှန်ရေးတစ်ရပ် ဆင် နွှဲဖို့ မဟုတ်ပါဘူး။ ပြုပြင်ပြောင်းလဲရေးတစ်ရပ်ဖြစ်ထွန်းလာရေးသာ ဖြစ်ပါတယ်"ဟူ၍ ထောက်ပြကောက်ချက်ချခဲ့သည်။

စတီဗင်ကော့တ်ကင်၏ ကောက်ချက်ကို ၁၉၈၉ ခုနှစ်တစ်နှစ်လုံး ဂေါ်ဘား ချက်ဗ်၏ လှုပ်ရှားမှုခရီးစဉ်တစ်လျှောက် သတင်းထောက်အဖြစ် အတူလိုက်ပါခဲ့ရသူ မော်စကိုတိုင်းဗျူရို၏ သတင်းထောက်ချုပ် ပီတာဂမ်ဘယ်လ် (PETEL GUM BEL)ကလည်း သူ၏အတွေ့အကြုံများအကြောင်း ပြန်ပြောင်းပြောပြရင်း ဤသို့ ထောက်ခံခဲ့သည်။

ဂစ်ဘယ်လ်က "သမ္မတဂေါ်ဘားချက်ဗ်ဟာ ဆိုဗီယက်နိုင်ငံနှင့်ကမ္ဘာကြီးကို တရား သေအယူအဆတွေ ဝေးကွာကင်းစင်ရာဆီ မောင်းနှင်တွန်းပို့ခဲ့သူပါ။ သူ့ရဲ့ဦးတည်ရာ ဟာ ပျော့ပြောင်းတဲ့၊ လူသားဆန်တဲ့၊ ကျူးကျော်မစွက်ဖက်တဲ့ ပြုပြင်ပြောင်းလဲရေး ဆိုရှယ်လစ်စနစ်ဆီကိုပါ။ ဒါကြောင့် ဘရက်ဇ်ညက်ဝါဒ (BREZHNIV DOCTRINE) ကို ခြေမှုန်းပစ်ခဲ့ပြီး အရှေ့ဥရောပကို လွတ်မြောက်စေနေခဲ့သူ ဖြစ်ပါတယ်။

ဒီဖြစ်ရပ်မှန်တွေနှင့် ကင်းကွာစွာရပ်ခံခဲ့တဲ့ အရှေ့ဥရောပက ဘရက်ဇ်ညက်ဝါဒီ ခေါင်းဆောင်တွေကို သူအကာအကွယ်မပေးခဲ့ပါဘူး။ ဒါကြောင့်သာ အရှေ့ဥရောပ လွတ်လပ်သွားခွင့်ရခဲ့ပြီး ဘာလင်တံတိုင်းကြီး ပြိုကျခဲ့ရခြင်းသာ ဖြစ်ပါတယ်။

၁၉၈၉ ခုနှစ်တစ်နှစ်လုံး သူသွားခဲ့တဲ့ ခရီးစဉ်တွေထဲမှာ အရေးကြီးဆုံးအဖြစ် တင်ရှားတဲ့ခရီးစဉ်နှစ်ရပ် ရှိပါတယ်။ တစ်ခုက ဘာလင်ခရီးစဉ်ဖြစ်ပြီး နောက်တစ်ခုက ဘေဂျင်းခရီးစဉ် ဖြစ်ပါတယ်။ ဘေဂျင်းမြို့တော်၊ ပြည်သူ့ခန်းမကြီးမှာ တိန့်ရှောင်ဖိန်နှင့် တွေ့ဆုံခဲ့စဉ် ဂေါ်ဘားချက်ရှင်းပြခဲ့တာက "ကားလ်မာ့က်စ်ဟာ ပြီးခဲ့တဲ့ရာစုနှစ်ထဲမှာ ရှင်သန်ဖြတ်သန်းခဲ့သူသာဖြစ်လို့ ဒီနေ့ခေတ်ပြဿနာအားလုံးရဲ့ အဖြေတွေကို မာ့က်စ်ဝါဒက ထုတ်မပေးနိုင်တော့ပါဘူး။ စစ်မှန်တဲ့မာ့က်စ် လီနင်ဝါဒီဆိုတာ တရားသေတွေကို ဖက်တွယ်ဆုပ်ကိုင်ထားရမှာမဟုတ်ဘဲ မာ့က်စ်လီနင်ဝါဒကို အခြေအနေကာလသစ်တွေနှင့် ကိုက်ညီအောင် ပြောင်းလဲဖွံ့ဖြိုးတိုးတက်နေရမှာ ဖြစ်ပါတယ်"လို့ သူ့အမြင်ကို ရှင်းပြခဲ့ပါတယ်။

၁၉၈၉ ခု အောက်တိုဘာလဆန်းပိုင်းက ဂျာမန်ဒီမိုကရက်တစ် သမ္မတနိုင်ငံထူထောင်မှု နှစ် ၄၀ ပြည့်အခမ်းအနားတက်ရောက်ဖို့အတွက် ဘာလင်မြို့တော်ကို ဂေါ်ဘားချက်ရောက်ရှိချိန်က အဓိပတိကြီးဟွန်နက္ကာ(E.HONECKER)နှင့် ပေါ်လစ်ဗျူရို တစ်သိုက်က မကြိုဆိုခဲ့ကြပါဘူး။ အရှေ့ဂျာမန် သဘောထားရေးရာဆရာ ကတ်ဟက်ဂါ(KURT HAGGER) ကိုယ်တိုင်က "ကိုယ့်အိမ်နီးချင်းတွေကအိမ်ကို ဆေးအရောင်ပြောင်း သုတ်နေတာနှင့် ကျုပ်တို့လည်းလိုက်ပြီး အရောင်ပြောင်းစရာမလိုပါဘူး" ဆိုတဲ့ စကားမျိုး ပြောခဲ့ဖူးပါတယ်။ ဒါတွေကိုဂရုမစိုက်ဘဲ ဂေါ်ဘားချက်က သိန်းချီစုဝေးနေတဲ့ လူထုကြီးရှေ့မှောက်က စင်မြင့်ပေါ်ကိုတက်လိုက်ချိန်မှာ အားလုံးက "WIRSIND DAS VOLK!" (WE ARE THE PEOPLE) သီချင်းကို ဂျာမန်ဘာသာနှင့် သံပြိုင်သီဆိုခဲ့ကြတယ်။ ဒုတိယဝန်ကြီးချုပ်ဖြစ်နေခဲ့တဲ့ ရာကော့စကီး (RAKONSSKY)က "ဒါဘာသဘောလဲ ဆိုတာ ခင်ဗျားသိရဲ့လားလို့ အနားကပ်မေးလိုက်ချိန်မှာ ဂေါ်ဘားချက်က သိပ်သိတာပေါ့။ ဒါ ဇာတ်သိမ်း သီချင်းလေ" လို့ ပြန်ဖြေခဲ့တယ်။

နောက်ပိုင်းမှာ ဘာလင်တံတိုင်းပြိုသွားတော့ ဒါတွေလည်း သမိုင်းဖြစ်သွားပါပြီ။ ဘာလင်တံတိုင်းကြီးပြိုသွားခဲ့ရခြင်းအပေါ် သမ္မတရီဂင်၊ ပုပ်ဂျွန်ပေါလ် (II) လက်ချ်ဝါလက်ဆာ၊ ဗားကလပ်ဟာဗယ် စတဲ့ပုဂ္ဂိုလ်များစွာဟာ ဂုဏ်ပြုခံခဲ့ကြရပါတယ်။ ဒါပေမဲ့ ဒီပြဇာတ်ကြီးကို ရှိတ်စပီးယားဆန်ဆန် တကယ်တမ်းရေးဖွဲ့တင်ဆက်ခဲ့သူဟာ ဂေါ်

ဘားချက်သာဖြစ်ပါတယ်။ တကယ်တော့ ဂေါ်ဘားချက်ဟာ ဆိုရှယ်လစ်စနစ်ကို ဖျ ဆီးလိုသူမဟုတ်ပါဘူး။ မွမ်းမံတည်ဆောက်လိုသူသာ ဖြစ်ပါတယ်။ ဘာလင်တံတိုင်း ကြီးကို ကိုယ်တိုင်တက်ပြီး ဖြိုချခဲ့သူမဟုတ်ပေမယ့် အုတ်မြစ်တွေအားနည်းအော တူးဆွဖွပေးခဲ့သူပါ။ ဘာလင်တံတိုင်းကို ပြည်သူတွေဝိုင်းဝန်းဖြိုချတော့လည်း သူ ကာကွယ်မတားဆီးခဲ့ပါဘူး။ ဒီအတွက် အနောက်တိုင်းက သူ့ကိုဝိုင်းဝန်းချီးကျူးခဲ့ ပေမယ့် ပြည်တွင်းမှ တရားသေဝါဒီတွေကတော့ သူ့ကို သစ္စာဖောက်တစ်ယော အဖြစ် စွဲချက်တင်ခဲ့ကြပါတယ်။ ဒါကြောင့်လည်း ဂေါ်ဘားချက်က သူဟာ "ဆိုရှ လစ်စနစ် ရှင်သန်တည်ရှိရေးအတွက် ပြုပြင်ပြောင်းလဲပေးလိုသူ တစ်ဦးသာဖြစ်ပြ သစ္စာဖောက်တစ်ယောက် မဟုတ်ဘူးဆိုတာ ပြည်သူတွေနားလည်လက်ခံရင် ကျေန ပါပြီ" လို့ သူ့ရဲ့ ပြန်လည်သတိရချက်များမှာ ရေးခဲ့ခြင်းဖြစ်ပါတယ်။ အမှန်တကယ ဘာလင်တံတိုင်းကြီးရဲ့ အပိုင်းအစတွေနဲ့ ရုပ်တုထုဆစ်ပေးသင့်သူဟာ ဂေါ်ဘားချ သာ ဖြစ်ပါတယ်" ဟူ၍ ရှင်းပြခဲ့ခြင်းဖြစ်သည်။

ဘာလင်တံတိုင်း သမိုင်းအမြင်

၁၉၈၉ ခုနှစ်မှာ ဘာလင်တံတိုင်းလဲပြိုခဲ့ခြင်း၏ သမိုင်းလက္ခဏာ မည်သို့ သနည်း။

ပညာရှင်များအကြား ဤမေးခွန်း၏အဖြေသည်လည်း များစွာ ကွဲပြားခြားနားကြ ၏။ ဖူကူယားမားက ယင်းဖြစ်ရပ်ကို လစ်ဘရယ်ဒီမိုကရေစီ၏အောင်ပွဲ၊ သမိုင်း၏နိဂုံ အဖြစ် အဆုံးအဖြတ်ပေးခဲ့သည်။ ဗားကလပ်ဟာဗယ်က အရှေ့ဥရောပပြည်သူများ၏ ကတ္တီပါတော်လှန်ရေးအောင်ပွဲဟူ၍ ကဗ္ဗည်းတိုးခဲ့၏။ ဗြိတိသျှသမိုင်းပညာရှင် အ ထော်နီဂါတန်အက်ရှ်(ANTONY GARTON ASH)ကမူ ဤအပြောင်းအလဲမှ သွေးအသက်များစွာရင်းကာ တိုက်ခိုက်ခဲ့ရသည့် တော်လှန်ရေးမျိုးကားမဟုတ ပြည်သူလူထုကြီး၏အုံကြွတော်လှန်မှု(REVOLUTION)နှင့် ဂေါ်ဘားချက်၏ ပြုပြင်ပြောင်းလဲရေး (REFORMATION) တို့ကို ပေါင်းစပ်ထားသော REFOR LUTION (တော်လှန်ပြုပြင်ပြောင်းလဲရေး) သာဖြစ်လိမ့်မည်ဟု အကဲဖြတ်ခဲ့သည်

ဟားဗတ်တက္ကသိုလ်မှ သမိုင်းပါမောက္ခ နေးလ်ဖာဂူဆင် (NAIL FERGU SON)ကမူ ဘာလင်တံတိုင်းကြီးပြိုကွဲမှုမှာစစ် အေးခေတ်ပြီးဆုံးခြင်း၏ အရေးပါသော အမှတ်အသားတစ်ရပ်ပင်ဖြစ်သည်။ သို့သော် ၁၉၁၇ခု ရုရှားအောက်တိုဘာ

တော်လှန်ရေး အတွင်းက ဆောင်းရာသီ နန်းတော်တံတိုင်းကိုဖြိုခွဲလိုက်သကဲ့သော သမိုင်းအလှည့် အပြောင်းတစ်ရပ်ကား မဟုတ်ခဲ့ပေ။ ဘာလင်တံတိုင်းကြီးပြိုကွဲမှုနှင့်အတူ ဆိုဗီယက်အင်ပါယာကြီး ပြိုလဲသွားခဲ့သည့်တိုင် ဗော်လ်ဂိုဂရက် (VOLGOGRAD) မှ ဗလာဒီဗော့စတော့ (VALADVOSTOV) တိုင်ရှည်လျားခဲ့သော ပီတာဘုရင်ကြီး၏ ရုရှားပြည်ထောင်စုကြီး ထီးထီးမားမားတည်ရှိဆဲဖြစ်သည်။ ရုရှားနိုင်ငံ၏ မူလအစစ်အမှန် သဘာဝအနေအထားနှင့် အခြေခံအင်အားများဆီသို့ နေရာမှန်ပြန်ရောက်ခဲ့ခြင်းသာဖြစ်၏။ ထို့ကြောင့် ဘာလင်တံတိုင်းပြိုကွဲခြင်းမှာ တော်လှန်ရေး(REVOLUTION) ကြောင့် မဟုတ်သကဲ့သို့ ရုရှားပြည်ထောင်စု ပြန်ပေါ်လာခြင်းမှာလည်း သမိုင်းအလှည့်အပြောင်း မဟုတ်။ သမိုင်းကိုပြန်လည်တည်ဆောက်ခြင်း (REVEALATION) မျှသာဖြစ်သည်။ ယဲ့လ်ဆင်၏ ဒီမိုကရေစီက ရုရှားနိုင်ငံကို (AUTOCRACY) စနစ်ဆီသို့ တွန်းပို့ပေးသကဲ့သို့ သူ၏ ဈေးကွက်စီးပွားရေးမူဝါဒကလည်း ရုရှားပြည်ကို မှောင်ခိုစီးပွားဘဝထဲသို့ တွန်းချခဲ့ပြီး ရုရှားပြည်သူများကို ဆင်းရဲမွဲပြာကျသွားစေခဲ့၏။ ထိုသို့သော အခြေအနေမှ ရုရှားနိုင်ငံကို ဂုဏ်သိက္ခာရှိသော အင်အားကြီးနိုင်ငံတစ်နိုင်ငံအဆင့်နေရာသို့ ပြန်လည်နေရာချထားပေးခဲ့သူမှာ သမ္မတဟောင်း တစ်ဖြစ်လဲ ဝန်ကြီးချုပ်သစ် ဗလာဒီမာပူတင် (V. PUTIN) သာဖြစ်သည်။ တစ်နည်းပြောရလျှင် ပူတင်သည် ရုရှားပြည်ထောင်စုကို မူလအဆင့်အတန်း၊ မူလနေရာမှန်သို့ ပြန်လည်နေရာချထားပေးရေး (REVEALATION) အတွက် ဆောင်ရွက်ပေးခဲ့သူဖြစ်သည်။ ၂၀၀၈ ခုနှစ်က ဖြစ်ပွားခဲ့သော ဂျော်ဂျီယာအရေးအခင်းကိုအကြောင်းပြု၍ ပူတင်သည် ဒီမိုကရက်မဟုတ်၊ AUTOCRAT တစ်ဦးသာ ဖြစ်သည်။ ဆိုဗီယက်အင်ပါယာ ပြန်လည်ထူထောင် ရေးအတွက် စစ်အေးခေတ်တစ်ခေတ်ကို ဖန်တီးနေသူပင်ဖြစ်၏ဟူ၍ ရှုပ်ချခဲ့ကြသည်။ စင်စစ်အားဖြင့် ပူတင်သည် ယဲ့လ်ဆင်လက်ထက်က ဆုံးရှုံးခဲ့ရသော ရုရှားပြည် ထောင်စု၏ ဂုဏ်သိက္ခာကို ဆက်လက်ပြီး မူလအင်အား အဆင့်အတန်းနေရာ ပြန်လည်ရရှိရေးအတွက် အားထုတ်နေသူတစ်ဦးသာ ဖြစ်သည်။ ပြန်ကြည့်လျှင် ဘာလင်တံတိုင်းဟောင်း ပြိုကွဲပြောင်းလဲသွားခဲ့သည့်တိုင် သမိုင်းကြောင်း၏ လက္ခဏာမှာ များစွာမပြောင်းလဲပါဟူ၍ ပညာရှင်များက ကောက်ချက်ချမှုများ ရှိနေခဲ့ကြပါသည်။

ဆိုခဲ့သည့်အတိုင်းပင် ၁၉၈၉ ခုနှစ်က အပြောင်းအလဲများနှင့် စပ်လျဉ်းသည့် ဘာလင်တံတိုင်း သမိုင်းအမြင်များမှာ ပညာရှင်များအကြား သဘောထား မတူညီခဲ့ကြပါ။ ဘာလင်တံတိုင်းပြိုကွဲမှုကို

- ဖူကူယားမားက "လစ်ဘရယ်ဒီမိုကရေစီအောင်ပွဲ၊ သမိုင်းနိဂုံးအဖြစ် ကောက်ချက်ဆွဲခဲ့၏။
- ဗားကလပ်ဟာဗယ်က "ကတ္တီပါတော်လှန်ရေး" အမည်ပေးခဲ့၏။
- အန်ထော်နီအက်ရှ်က "တော်လှန်ပြုပြင်ပြောင်းလဲရေး (REFORLUTION) အမည်ပေးခဲ့၏။
- နေးလ်ဖာဂူဆန်က "ပြန်လည်နေရာချထားမှု" (REVEALATION) အဖြစ် သတ်မှတ်ခဲ့သည်။

မည်သို့ပင်ဆိုစေ၊ ဘာလင်တံတိုင်းပြိုကွဲပြီးခဲ့သည့် အနှစ် ၂၀ အတွင်း ဖြစ်ရပ်များက ၎င်း၏သဘော အဓိပ္ပါယ်ကို ရှင်းလင်း၊ သက်သေထူပြခဲ့ပြီးဖြစ်သည်။ ဘာလင်တံတိုင်းပြိုကွဲမှုမှာ လစ်ဘရယ်ဒီမိုကရေစီအောင်ပွဲမဟုတ်သကဲ့သို့ သမိုင်း၏နိဂုံးလည်း မဖြစ်ခဲ့ပါ။ IDEOLOGY တိုက်ပွဲမပြီးဆုံးသေးသကဲ့သို့ သမိုင်းသည်လည်း ဆက်လက်ချီတက်ဆဲပင် ဖြစ်ပါသည်။ ထို့ပြင် ဘာလင်တံတိုင်းပြိုကွဲမှုနှင့်အတူ ဆိုဗီယက်အင်ပါယာ ပြိုကွဲခဲ့သည့်တိုင် ပီတာဘုရင်ကြီး၏ ရုရှားအင်ပါယာမှာမူ ပုံပန်းမပျက် ယခင်အတိုင်း ဆက်လက်တည်ရှိနေဆဲ ဖြစ်ပါသည်။ ထို့ကြောင့် အရှေ့ဥရောပမှ အပြောင်းအလဲများမှာ တော်လှန်ရေးများမဖြစ်နိုင်ဘဲ "ပြန်လည်နေရာချထားရေး" (REVEALATION) မျှသာ ဖြစ်နိုင်ချေရှိပါသည်။

ထို့ပြင် အနောက်တိုင်းမီဒီယာများ လေပင့်မြှင့်တင်နေကြသကဲ့သို့ ဘာလင်တံတိုင်းပြိုကွဲမှုမှာ သမ္မတဟောင်းရီဂင်၏ ကောင်းမှုကြောင့် မဟုတ်ခဲ့ပါ။ အရှေ့ဥရောပ အတိုက်အခံများ၏ တော်လှန်ရေးဆိုသည်များကြောင့်လည်း မဖြစ်နိုင်ပါ။ အန်ထော်နီအက်ရှ် မှတ်ချက်ချသကဲ့သို့ ဂေါ်ဘားချက်၏ တော်လှန်ရေးစိတ်ဓာတ်နှင့် ပြုပြင်ပြောင်းလဲရေးလှုပ်ရှားမှုများပေါင်းစပ်ထားသည့်REFORLUTION (REFORM +REVEALATION) ကြောင့်ပင် ဖြစ်ပါသည်။ အမှန်ပင် သမိုင်းပညာရှင် စတီဖင်ကော့တ်ကင် သုံးသပ်အကဲ ဖြတ်သကဲ့သို့ ၁၉၈၉ ခုနှစ် ဝန်းကျင်က အပြောင်းအလဲများမှာ အောက်ခြေလူထုလှုပ်ရှားမှုများမှ စတင်ခဲ့ခြင်းမျိုးမဟုတ်ပါ။ "အဆင့်မြင့် ထိပ်သီး"ချင်း လက်ဝါးရိုက်ဇာတ် တိုက်ထားသည့် ခေတ်သစ်နိုင်ငံရေး ဒရာမာ တစ်ပုဒ်သာ ဖြစ်သည်။ ဤစစ်အေးခေတ် ဇာတ်သိမ်းခန်းဒရာမာကို အဓိကရေးဖွဲ့ခဲ့သူ ခေတ်သစ်ရှိတ်စပီးယားမှာလည်း အခြားမဟုတ်ပါ၊ မိခေးဂေါ်ဘားချက်သာ ဖြစ်ပါသည်။ ဤကောက်ချက်နှင့်စပ်လျဉ်း၍ ယခု "အိမ်ဖြူတော် ကရင်မလင်ဝင်ရိုးတန်း စစ်အေးခေတ် ဇာတ်သိမ်းခန်း" ဒရာမာကြီးက "အမြင့်ဆုံး ထိပ်သီးများအကြား"(AT THE HIGHEST LEVELS) တွင် မည်သို့ ဇာတ်ကွက် ပန္နက်ရိုက်၊ ဇာတ်တိုက် ပြ မည်သို့ပုံဖော်ခဲ့ကြသည်ကို အသေးစိတ်၊ အနီးကပ် ပြတ်သားပီပြင်စွာ မီးမောင်း ထိုးပြနိုင်ကြပါလိမ့်မည်။

ဆက်လက် လေ့လာဖတ်ရှုကြစေလိုပါသည် . . . .။

လေးစားစွာဖြင့်

သန်းစိုးနိုင်